

ရုရှားစွမ်းအင်ဝန်ကြီး အလက်ဇန္ဒားနိုဗက်ခ်

# ရုရှားစွမ်းအင်ဝန်ကြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**မော်စကို ဩဂုတ် ၁၉**
ရုရှားစွမ်းအင်ဝန်ကြီး အလက်ဇန္ဒားနိုဗက်ခ်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှူစတင်က ပြောကြားလိုက်သည်။

နိုဗက်ခ် တက်ရောက်ရမည့် အိုပက်အဖွဲ့ ဝန်ကြီးများအဆင့် စောင့်ကြည့်ရေးကော်မတီနှင့် မဟာမိတ်များ၏ ဗီဒီယိုကွန်ဖရင့်တစ်ခု မတိုင်မီ ရုရှားဝန်ကြီးချုပ်က အထက်ပါအတိုင်း ကြေညာခဲ့ခြင်း ဖြစ်သည်။ “ဝန်ကြီး အလက်ဇန္ဒားနိုဗက်ခ်က ကိုရိုနာဗိုင်းရပ်စ်ကြောင့် နေမကောင်းဖြစ်နေပါတယ်”ဟု ရုရှားနိုင်ငံ အရှေ့ပိုင်း ဘလာဂိုဗက်ရှန့်ခ် မြို့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေးတစ်ခု၌ ဝန်ကြီးချုပ် မီခေးလ်မီရှူစတင်က ပြောကြားခဲ့သည်။

အစည်းအဝေးတစ်ခု တက်ရောက်ရန်နှင့် တရုတ်နယ်စပ်အနီး ကြီးမားသော ရေနံဓာတုစီမံကိန်းတစ်ခု ဖွင့်လှစ်ရန် ဘလာဂိုဗက်ရှန့်ခ် မြို့သို့ ရောက်ရှိလာပြီးနောက် နိုဗက်ခ် ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရခြင်း ဖြစ်ကြောင်း မီရှူစတင်က ဆိုသည်။

ပြီးခဲ့သည့်အပတ်က စတင်ခဲ့သည့် ရုရှားဝန်ကြီးချုပ်၏ အရှေ့ဖျားခရီးစဉ်တွင် လိုက်ပါလာခဲ့သော သတင်းထောက်အချို့၌ ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ပြီး ၎င်းတို့အား မော်စကိုမြို့တော်သို့ ပြန်လည်စေလွှတ်ခဲ့သည်။ သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်ရှ်ကော့ဗ်၊ ဝန်ကြီးအချို့နှင့် လွှတ်တော်အမတ်များအပါအဝင် ရုရှားနိုင်ငံရေးသမားအချို့သည်လည်း မကြာသေးမီလများအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရသည်။

ရုရှားနိုင်ငံက ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်ခဲ့ကြောင်း သမ္မတ ဗလာဒီမာပူတင်က ပြီးခဲ့သည့်အပတ်အတွင်း ကြေညာခဲ့သော်လည်း ထိုကြေညာချက်ကို သိပ္ပံပညာရှင်များနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က သတိပေးမှုပြုလုပ်ခဲ့သည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- ကျော်ထိုက်စိုး**

# အင်ဒိုနီးရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၀၂ ဦး တွေ့ရှိ၊ ၆၉ ဦးထပ်မံသေဆုံး

**ဂျကာတာ ဩဂုတ် ၁၉**
အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၀၂ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ခြင်းကြောင့် ရောဂါကူးစက်ခံရသူပေါင်း ၁၄၄၉၄၅ ဦး ရှိလာကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း လူနာ ၆၉ ဦး ထပ်မံသေဆုံးခဲ့ရာ ရောဂါကြောင့် သေဆုံးသူပေါင်း ၆၃၄၆ ဦး ရှိလာကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လူနာ ၂၃၅၁ ဦးသည် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာသွားပြီး တစ်ရက်အတွင်း ဆေးရုံများမှ ထပ်မံ ပြန်ဆင်းခဲ့ကြရာ လက်ရှိအချိန်အထိ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၉၈၆၅၇ ဦး ရှိလာကြောင်း သိရသည်။

ယခုအခါ အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၃၄ ခုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့လျက်ရှိပြီး ဂျကာတာ၌ ၅၅၁ ဦး၊ အရှေ့ဂျာဗား၌ ၃၃၅ ဦး၊ အလယ်ဂျာဗား၌ ၁၃၁ ဦး၊ အနောက်ဂျာဗား၌ ၁၀၄ ဦးနှင့် အရှေ့ ကာလီမန်တန်၌ ၉၁ ဦး တို့သည် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း သိရသည်။

သို့သော် အလယ်ကာလီမန်တန်၊ အရှေ့ နူဆာတင်ဂါရာနှင့် တောင်ဆူလာဝေစီ စသည့်ပြည်နယ်နှင့် ဒေသ သုံးခုတို့တွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ တစ်စုံတစ်ဦးမျှ မရှိကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**





# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူ တစ်သိန်းကျော်အထိ ရှိလာ

**ရီယိုဒီဂျနေရိုး ဩဂုတ် ၁၉**
ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း သေဆုံးသူ ၁၃၅၂ ဦး ရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်း သေဆုံးသူအရေအတွက်သည် ၁၀၉၈၈၈ ဦး အထိ ရှိလာခဲ့ကြောင်း ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၁၈ ရက်တွင် ကြေညာခဲ့သည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံးနိုင်ငံစာရင်းတွင် ပါဝင်နေပြီး လွန်ခဲ့သည့် ၂၄ နာရီအတွင်းက ကူးစက်ခံရသူ ၄၇၇၈၄ ဦး ရှိခဲ့ခြင်းကြောင့် ကူးစက်ခံရသူပေါင်း ၃၄၀၇၃၅၄ ဦးအထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။

ဆော်ပေါလိုမြို့သည် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဗဟိုချက်ဖြစ်လာခဲ့ပြီး လက်ရှိတွင် ကူးစက်ခံရသူ ၇၁၁၅၃၀ ရှိကာ သေဆုံးသူ ၂၇၃၁၅ ဦး ရှိကြောင်း သိရသည်။ ဆော်ပေါလိုမြို့၏ နောက်တွင် ရီယိုဒီဂျနေရိုးမြို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူ ၁၄၇၂၈ ဦးနှင့် ဆီယာရာမြို့သည် သေဆုံးသူ ၈၁၉၆ ဦးစသည်ဖြင့် အသီးသီးရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်သေဆုံးမှု၌ အမေရိကန်နိုင်ငံသည် ကူးစက်သေဆုံးမှု အများဆုံးနိုင်ငံဖြစ်ပြီး ဘရာဇီးနိုင်ငံ သည် ကူးစက်သေဆုံးမှု ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

# ဆွီဒင်နိုင်ငံက မြောက်ကိုရီးယားရှိ သံတမန်များအား ယာယီပြန်လည်ရုပ်သိမ်း


**စတော့ဟုမ်း ဩဂုတ် ၁၉**
ဆွီဒင်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံတွင်ရှိနေသည့် ဆွီဒင်သံတမန်များအား ယာယီ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံရှိ ဆွီဒင်သံတမန်များအား ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ပြန်လည်ရုပ်သိမ်းရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို တားဆီးကာကွယ်နိုင်ရန် အစီအမံများကို ဆောင်ရွက်နေခြင်းကြောင့် ဗြိတိန်နှင့် ဂျာမနီကဲ့သို့သော အနောက်နိုင်ငံများကလည်း ၎င်းတို့၏ သံတမန်များကို မြောက်ကိုရီးယားနိုင်ငံမှ ပြန်လည်ရုပ်သိမ်းခဲ့ပြီး ဖြစ်ကြောင်းလည်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံကမူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုရှိကြောင်း အတည်ပြုပြောကြားခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို တားဆီးကာကွယ်ရန် အတွက် ခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို ချမှတ်ထားခဲ့ကြောင်း သိရသည်။

ဆွီဒင်သံတမန်များ ရုပ်သိမ်းခြင်းသည် ယာယီသာဖြစ်ကြောင်း၊ ပြုံယမ်းရှိ



မြောက်ကိုရီးယားနိုင်ငံရှိ ဆွီဒင်သံရုံးအား တွေ့ရစဉ်။

ဆွီဒင်သံရုံးကိုမူ ဆက်လက်ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်းနှင့် မြောက်ကိုရီးယားဒေသခံ သံရုံးဝန်ထမ်းများက သံရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အလင်းသစ်**

## ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

**ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ**
**၂၂၃၆၂၉၃၅ ဦး**

**သေဆုံးသူ**
**၇၈၅၄၁၂ ဦး**

**ပြန်လည်ကျန်းမာလာသူ**
**၁၅၀၉၈၃၉၄ ဦး**

# တစ်တော့ခ် အက်ပလီကေးရှင်းကို ဝယ်ယူရန် Oracle နည်းပညာကုမ္ပဏီက အရည်အချင်းမီသည်ဟု သမ္မတထရမ့် ဆို

**ဝါရှင်တန် ဩဂုတ် ၁၉**
တစ်တော့ခ်၏ အမေရိကန်နိုင်ငံအတွင်းရှိ လုပ်ငန်းလည်ပတ်မှုများကို ဝယ်ယူရန် အထိုက်တန်ဆုံးသော ကုမ္ပဏီသည် Oracle နည်းပညာကုမ္ပဏီဖြစ်သည်ဟု သမ္မတ ထရမ့်က ယနေ့ပြောကြားခဲ့သည်။

မြောက်အမေရိက၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများရှိ တစ်တော့ခ်အက်ပလီကေးရှင်း၏ လုပ်ငန်းလည်ပတ်မှုများကို Oracle နည်းပညာကုမ္ပဏီက ဝယ်ယူရန် ရေပန်းစားလျက်ရှိနေစဉ် သမ္မတထရမ့်က အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

တစ်တော့ခ်အက်ပလီကေးရှင်းကို ဝယ်ယူရန် Oracle နည်းပညာကုမ္ပဏီက Bytedance ကုမ္ပဏီနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်ဟု သတင်းများထွက်ပေါ်လာခဲ့ပြီးနောက် သမ္မတထရမ့်က အရီဇိုးနားပြည်နယ် ယူမာမြို့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းတစ်ရပ်၌ အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့သည်။

တစ်တော့ခ်ပိုင်ကုမ္ပဏီဖြစ်သော Bytedance အနေဖြင့် ရက်ပေါင်း ၉၀ အတွင်း အမေရိကန်နိုင်ငံတွင်လည်ပတ်လျက်ရှိသော တစ်တော့ခ်



အက်ပလီကေးရှင်းကို အမေရိကန်နည်းပညာကုမ္ပဏီတစ်ခုအား ရောင်းချရမည်ဖြစ်ပြီး အကယ်၍ ရောင်းချနိုင်ခြင်းမရှိပါက အမေရိကန်နိုင်ငံအတွင်း လုပ်ငန်းလည်ပတ်မှုကို ရပ်ဆိုင်းရမည်ဖြစ်သည်ဟု လွန်ခဲ့သော ရက်သတ္တပတ်တွင် သမ္မတထရမ့်က ပြောကြားခဲ့သည်။

Oracle နည်းပညာကုမ္ပဏီဥက္ကဋ္ဌ လာရီ အဲလစ်ဆန်သည် သမ္မတထရမ့်၏ ထောက်ခံသူတစ်ဦးဖြစ်ပြီး ဖေဖော်ဝါရီလက သမ္မတ ထရမ့် ထောက်ခံပွဲအတွက် ရန်ပုံငွေထူထောင်ရေး ပွဲတစ်ခုကို ကယ်လီဖိုးနီးယားပြည်နယ်ရှိ ၎င်း၏ဂေါက်ကွင်း၌ ကျင်းပပေးခဲ့ကြောင်း သိရသည်။

လွန်ခဲ့သောရက်သတ္တပတ်က အမေရိကန်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များက တစ်တော့ခ်ပိုင်ကုမ္ပဏီဖြစ်သည့် Bytedance သည် ရက်ပေါင်း ၉၀ အတွင်း အမေရိကန်နိုင်ငံအတွင်း လုပ်ငန်းလည်ပတ်မှုများကို အဆုံးသတ်သင့်သည်ဟု အကြံပြုပြောကြားခဲ့ကြောင်း အိမ်ဖြူတော်က ဆိုသည်။

ထို့ပြင် Bytedance ကုမ္ပဏီက တစ်တော့ခ် အက်ပလီကေးရှင်းကို အသုံးချပြီး အမေရိကန်လုံခြုံရေးကို ချိုးဖောက်လျက်ရှိသည်ဆိုသည့် စွပ်စွဲချက်နှင့်ပတ်သက်ပြီး ခိုင်မာသည့် သက်သေအထောက်အထားများ ရှိကြောင်း သမ္မတထရမ့်က ဆိုသည်။

သို့သော် Bytedance ကုမ္ပဏီက အဆိုပါ စွပ်စွဲချက်များကို ငြင်းပယ်ခဲ့ပြီး တစ်တော့ခ်သုံးစွဲသူ အမေရိကန်ပြည်သူများ၏ ကိုယ်ရေးအချက်အလက်များကို ခိုးယူသုံးစွဲခြင်းများ မရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ယင်းသို့ တစ်တော့ခ်အက်ပလီကေးရှင်းအပေါ် ဝါရှင်တန်၏ စွပ်စွဲပြောဆိုမှုများသည် ဝါရှင်တန်နှင့် ပေကျင်းအကြား ဖြစ်ပွားလျက်ရှိသော ကုန်သွယ်ရေးပဋိပက္ခ၏ အစိတ်အပိုင်းတစ်ခုဖြစ်နိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

တစ်တော့ခ်ကို ဝယ်ယူရန် အပြိုင်ကြိုးပမ်းနေသည့် ကုမ္ပဏီများ မိုက်ခရိုဆော့ဖ် နည်းပညာကုမ္ပဏီသည် ယခုလအစောပိုင်းကတည်းက တစ်တော့ခ်အက်ပလီကေးရှင်းကို ဝယ်ယူရန် ဆွေးနွေးလျက်ရှိသည့် ပြိုင်ဘက်ကုမ္ပဏီတစ်ခုဖြစ်သည်။ အလားတူ လူမှုကွန်ရက်ကုမ္ပဏီတစ်ခုဖြစ်သည့် တွစ်တာကလည်း တစ်တော့ခ်ကို ဝယ်ယူရေးအတွက် Bytedance ကုမ္ပဏီနှင့်ဆွေးနွေးညှိနှိုင်းရန် ကြိုးပမ်းလျက်ရှိသည်။

ယခုနှစ်တွင် တစ်တော့ခ်အက်ပလီကေးရှင်း၏ လူကြိုက်များရေပန်းစားသော ဗီဒီယိုများကို ဒေါင်းလုတ်ဆွဲသူဦးရေ နှစ်ဘီလီယံရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် သမ္မတထရမ့်က တစ်တော့ခ်အက်ပလီကေးရှင်း၏ ပြိုင်ဘက်ဖြစ်သည့် ထရေလာ (Triller) ကို ပြောင်းလဲအသုံးပြုလျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဘီဘီစီ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၄၅၃၁ ဦးတွေ့ရှိပြီး ၁၀၉၂ ဦး သေဆုံး

**နယူးဒေလီ ဩဂုတ် ၁၉**
အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၄၅၃၁ ဦး တွေ့ရှိခဲ့သဖြင့် ရောဂါကူးစက်ခံရသူပေါင်း ၂၇၆၇၂၇၃ ဦး ရှိလာကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၀၉၂ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၈၈၉ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှ ယနေ့ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၃၇၈၇၀ ကို အောင်မြင်စွာ ဆေးဝါးကုသပေးခဲ့ကာ ဆေးရုံများမှ ပြန်ဆင်းခဲ့ကြပြီဖြစ်၍ လက်ရှိအချိန်၌ လူနာ ၆၇၆၅၁၄ ဦးသာ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် မကြာသေးမီရက်များမှစ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို အရှိန်မြှင့်လုပ်ဆောင်လာပြီး ဩဂုတ် ၁၈ ရက် တစ်ရက်အတွင်း လူဦးရေ ၈၀၁၅၁၈ ဦးတို့၏ နမူနာကို စမ်းသပ်စစ်ဆေးခဲ့ခြင်းနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ လူဦးရေ ၃၁၇၄၂၇၈၂ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း အိန္ဒိယဆေးသုတေသနကောင်စီမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျော်တီ**



# ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၆၅၀ တွေ့ရှိ

**မနီလာ ဩဂုတ် ၁၉**
ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၆၅၀ ထပ်မံတွေ့ရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၇၃၇၇၄ ဦး ရှိလာကြောင်း၊ ထို့အတူ ဖိလစ်ပိုင်၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၁၁ ဦး ထပ်မံသေဆုံးခဲ့ရာ ယခုအခါ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၇၉၅ ဦး ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ယနေ့ပြောကြားသည်။

**ပြန်လည်ကျန်းမာလာ**

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၇၁၆ ဦး ပြန်လည်ကျန်းမာလာပြီး ဆေးရုံများမှ ထပ်မံပြန်ဆင်းခဲ့ကြပြီဖြစ်ရာ ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၁၃၄၈၁ ဦး ရှိလာကြောင်း သိရသည်။

**ထပ်မံတိုးမြှင့်**

မြို့တော်မနီလာရှိ တာဝန်ရှိသူများသည် ကိုဗစ်-၁၉ ရောဂါ အများဆုံးဖြစ်ပွားသည့် မြို့တော်မနီလာ၌ အသွားအလာ ကန့်သတ်ရန် ထပ်မံတိုးမြှင့်သည့် စီမံချက်တစ်ရပ်အနေဖြင့် ည ၈ နာရီမှ နောက်တစ်နေ့ နံနက် ၆ နာရီအထိ ညမထွက်ရအမိန့်တစ်ရပ်ကို စတင်အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဟာရီရော့ခ်က ယနေ့ပြောကြားသည်။

ဖိလစ်ပိုင်အစိုးရသည် မြို့တော်မနီလာ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားလာခြင်းကြောင့် ရက်သတ္တနှစ်ပတ်ကြာ အသွားအလာကန့်သတ်မှု ချမှတ်ခဲ့ပြီးနောက် မြို့တော်မနီလာနှင့် အနီးအနားပြည်နယ်များဖြစ်သော ဘူလာကန်၊ ကာဗိုက်၊ လာဂူနာနှင့် ရီဇာလ်ပြည် နယ်များရှိ တင်းကျပ်သော အသွားအလာကန့်သတ်မှုကို ဖြေလျှော့ခဲ့သည်။

**တားမြစ်ပိတ်ပင်ထားမည်**

မြို့တော်မနီလာနှင့် အနီးအနား ပြည်နယ်များရှိ အစိုးရ၏ အသွားအလာကန့်သတ်မှု ဥပဒေသစ်အရ လူ ၁၀ ဦးနှင့်အထက် စုဝေးမှုကို ဆက်လက်တားမြစ်ပိတ်ပင်ထားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် စီးပွားရေးဆိုင်ရာနေရာများ၊ အိမ်တွင်းလုပ်ငန်းခွင်များနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးနေရာများတွင် နှာခေါင်းစည်းများအပြင် မျက်နှာအကာအရံများကိုလည်း ဝတ်ဆင်ထားရန် လိုအပ်ကြောင်း သမ္မတရုံးပြောရေးဆိုခွင့်ရှိသူက ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

**ဆက်လက်ခွင့်ပြု**

ယနေ့ ထုတ်ပြန်သည့် အသွားအလာကန့်သတ်မှုဆိုင်ရာ အမိန့်သစ်အရ မြို့တော်မနီလာရှိ စားသောက်ဆိုင်များ၊ အလှပြင်ဆိုင်များနှင့် ဆံပင်ညှပ်ဆိုင်များကဲ့သို့သော စီးပွားရေးလုပ်ငန်းများကို ဩဂုတ် ၃၁ ရက်အထိ ဆက်လက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

သို့သော် အားကစားရုံများ၊ အားကစားဆိုင်ရာ အဆောက်အအုံများ၊ စာသင်ဌာနများ၊ အင်တာနက်ဆိုင်များ၊ ပြန်လည်သုံးသပ်သည့်စင်တာများ၊ ရုပ်ရှင်ရုံများနှင့် တိရစ္ဆာန်သန့်ရှင်းရေးစင်တာကဲ့သို့သော ကဏ္ဍများကိုမူ ဆက်လက်ပိတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျော်တီ**

# နီပေါနိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် ခြောက်ဦးသေဆုံးပြီး အများအပြား ပျောက်ဆုံး

**ခတ္တမန္ဒူ ဩဂုတ် ၁၉**
နီပေါနိုင်ငံ အာဟမ်ခရိုင်ရှိ ကျေးလက်ဒေသများ၌ ယမန်နေ့က ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ခြောက်ဦးထက်မနည်း သေဆုံးခဲ့ပြီး အများအပြား ပျောက်ဆုံးခဲ့သည်။

ကိုစီဒါရေိယာ ဘန်နီဂါဒီဂျာရာဂတ် ကျေးလက်ဒေသတွင် အလောင်းနှစ်လောင်းကို တွေ့ရှိခဲ့ပြီး အခြားနှစ်လောင်းကို လာမတ်နာဒေသ မန်ဂါဆန်ရေိယာ၌ တွေ့ရှိခဲ့ကြောင်း ခရိုင်ရဲအရာရှိ ယိုဂန်ဒရာဆင်းသာပါက ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ဒါနာဒေသ၌ နေအိမ်အများအပြားနှင့် ကွန်ကရစ်တံတားတစ်စင်း ရေစီးနှင့် မျောပါသွားခဲ့ကြောင်း ဒေသခံတစ်ဦးဖြစ်သူ ဘစ္စတာက ပြောသည်။

“ရာမာရိုရှန်ကျေးလက်ဒေသက လူများစွာ ပျောက်ဆုံးခဲ့ပါတယ်။ ခါဘာဇာ၊ ဘူဂျာဘာဇာ၊ စိုင်နီဘာဇာ၊ ဂျာဂတ်နှင့် အယ်လီဒီဒေသတွေမှာ လူတွေ သေဆုံးတာ၊ အိုးအိမ်တွေထိခိုက်ပျက်စီးတာ အများအပြားရှိခဲ့ပါတယ်” ဟု ၎င်းက ပြောသည်။

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် နီပေါရဲတပ်ဖွဲ့နှင့် တပ်မတော်တို့ဖြင့် ဖွဲ့စည်းထားသော အဖွဲ့တစ်ဖွဲ့ကို ရေဘေးသင့်ဒေသများသို့ စေလွှတ်ခဲ့ကြောင်း ယိုဂန်ဒရာက ပြောသည်။ ရေကြီးရေလျှံမှုများ ဖြစ်ပွားပြီးနောက် ၁၈ ဦးဝန်းကျင် ပျောက်ဆုံးခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ပရာဆတ်ဥပါဒါယေးက ပြောကြားခဲ့သည်။

“လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ရေဘေးသင့်ဒေသတွေကို ရောက်ရှိဖို့ အချိန်လိုပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာသုံးမယ့် ရဟတ်ယာဉ်တွေ စေလွှတ်ပေးဖို့ ဗဟိုနဲ့ ပြည်နယ်အစိုးရတွေကို ကျွန်တော်တို့ မေတ္တာရပ်ခံထားပါတယ်” ဟု ၎င်းက ဆိုသည်။

**ကိုးကား – သည်ခတ္တမန္ဒူပို့စ်**
**ဘာသာပြန် – ကျော်ထိုက်စိုး**

■

## အိုင်စီပီ ရွှေမဲ ဓာတ်မြေသြဇာ ကုမ္ပဏီ လီမိတက်
## I C P SHWE ME FERTILIZER CO., LTD.

### တင်သွင်းဖြန့်ချိသူ I C P SHWE ME FERTILIZER CO., LTD. မှ မူလအရည်အသွေးအတိုင်း အာမခံချက် အပြည့်အဝဖြင့် ထုတ်လုပ်ဖြန့်ဖြူးသည့် မြင်းပျံတံဆိပ် ယူရီးယားဓာတ်မြေသြဇာများအား မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စိုက်ပျိုးထုတ်လုပ်သူများထံသို့ ဖြန့်ဖြူးရောင်းချပေးမည့် အရောင်းကိုယ်စားလှယ်များအားဖိတ်ခေါ်ခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စိုက်ပျိုးရေး သွင်းအားစုများအား နိုင်ငံခြားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား လက်လီ/ လက်ကား ရောင်းချခွင့် ပြုခဲ့ပြီးနောက် ထိုင်းနိုင်ငံ အခြေစိုက် I C P Fertilizer Co., Ltd. အနေဖြင့် မြန်မာနိုင်ငံအတွင်း အဆင့်မြင့် အရည်အသွေးပြည့် မြင်းပျံတံဆိပ်မြေသြဇာများအား လက်ကားဖြန့်ဖြူးရောင်းချရန်အတွက် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ခဲ့ပြီး မြန်မာနိုင်ငံသားပိုင် Shwe Me Co., Ltd. နှင့် ပူးပေါင်း၍ ဖက်စပ်ကုမ္ပဏီဖြစ်သော I C P Shwe Me Fertilizer Co., Ltd. အား တည်ထောင်ခဲ့ပါသည်။ ထို့နောက် မူလအရည်အသွေးအတိုင်း အာမခံချက် အပြည့်အဝရှိသည့် မြင်းပျံတံဆိပ်မြေသြဇာများအား ပြည်ပမှ ရေလမ်းကြောင်းဖြင့် လည်းကောင်း၊ မြဝတီနယ်စပ်မှ ကုန်းလမ်းကြောင်းဖြင့် လည်းကောင်း တင်သွင်း၍ စနစ်တကျ သိုလှောင်၊ ထုပ်ပိုးကာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စိုက်ပျိုးထုတ်လုပ်သူများထံသို့ အရောင်းကိုယ်စားလှယ်များမှတစ်ဆင့် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။




Flying Horse မြင်းပျံတံဆိပ်မြေသြဇာ၏ မူရင်း ပိုင်ရှင်ဖြစ်သော ထိုင်းနိုင်ငံအခြေစိုက် I C P Fertilizer Co., Ltd. သည် လွန်ခဲ့သည့် နှစ်ပေါင်း (၄၀) ဝန်းကျင်ကတည်းက ဘန်ကောက်မြို့ရှိ Department of Intellectual Property ဌာနတွင် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု ကုန်အမှတ်တံဆိပ်အဖြစ် နိုင်ငံတကာသို့ တင်သွင်းဖြန့်ချိခွင့်ကို ရယူခဲ့ပြီး မိမိနိုင်ငံအတွင်းနှင့် အိမ်နီးချင်းနိုင်ငံများသို့ အဆင့်မြင့် အရည်အသွေးပြည့် မြင်းပျံတံဆိပ်မြေသြဇာများအား ဖြန့်ဖြူးပေးလျက် ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံတည်ဆဲဥပဒေများနှင့်အညီ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ (၁၅-၁၂-၂၀၁၇) ရက်စွဲဖြင့် မြင်းပျံတံဆိပ် ကုန်အမှတ်တံဆိပ်ကို ၄/ ၁၄၁၆၀/၂၀၁၇ ဖြင့်လည်းကောင်း၊ မြင်းပျံတံဆိပ်မြေသြဇာကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်အမှတ် - ၄/၁၄၁၆၆/၂၀၁၇ ဖြင့်လည်းကောင်း ထပ်ဆင့်မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်းသို့ တရားဝင် တင်သွင်းဖြန့်ချိနေသည့် I C P Shwe Me Fertilizer Co., Ltd., Flying Horse I C P (Myanmar) Co., Ltd. အမည်ဖြင့် ဖော်ပြထားသော အထက်ပုံပါ အိတ်ခွံများ၏ အတွင်းအိတ်အပြာရောင်အား I C P တံဆိပ်ပါသည့် ပလတ်စတစ်စည်းဖြင့် ခတ်ထားသည့် မြင်းပျံတံဆိပ် ယူရီးယား ဓာတ်မြေသြဇာ များသည်သာ I C P Fertilizer Co., Ltd. ၏ မူလအရည်အသွေးအတိုင်း အာမခံချက် အပြည့်အဝဖြင့် ထုတ်လုပ်ဖြန့်ဖြူးသည့် ယူရီးယားဓာတ်မြေသြဇာများဖြစ်ကြောင်း စိုက်ပျိုးထုတ်လုပ်သူများ ဂရုပြုဝယ်ယူ သုံးစွဲနိုင်ရန်အတွက် လေးစားစွာ အသိပေးအပ်ပါသည်။

I C P Fertilizer Co., Ltd. မှ မူရင်း မြင်းပျံတံဆိပ် ယူရီးယားဓာတ်မြေသြဇာများကို မြန်မာနိုင်ငံတွင် တိုက်ရိုက် ဖြန့်ဖြူးရောင်းချရန် သဘောတူညီချက် တစ်စုံတစ်ရာမရှိသော ကုမ္ပဏီအချို့သည် မြန်မာဘာသာ စာတန်းပါ မြင်းပျံတံဆိပ် ယူရီးယားဓာတ်မြေသြဇာ အိတ်ခွံနမူနာပုံစံဖြင့် ထိုင်းနိုင်ငံမှ တင်သွင်းရန်ဟု ဖော်ပြ၍ စိုက်ပျိုးရေးဦးစီးဌာနတွင် ခွင့်ပြုချက်ရယူပါသည်။ တင်သွင်းချိန်၌ ထိုင်းပြည်တွင်းသုံး၊ ထိုင်းဘာသာစာတန်းပါ ယူရီးယားဓာတ်မြေသြဇာများကို မြန်မာနိုင်ငံတွင်းသို့ သယ်ဆောင်လာပြီး တင်သွင်းဖြန့်ချိသူ အဆိုပါကုမ္ပဏီအမည် ပါရှိသည့် မြင်းပျံတံဆိပ် ယူရီးယားဓာတ်မြေသြဇာအိတ်ခွံများဖြင့် အိတ်လဲလှယ်၍ မြန်မာနိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးရောင်းချနေပါသည်။

ထို့အပြင် အဆိုပါကုမ္ပဏီများ၏ ဈေးကွက်အတွင်းတွင် အမှန်ဖြန့်ဖြူးရောင်းချလျက်ရှိသော ပမာဏသည် နယ်စပ်ကုန်သွယ်ရေးမှ ၎င်းတို့တင်သွင်းသော ပမာဏထက် များစွာ ပိုမိုနေကြောင်း တွေ့ရှိနေရပါသည်။ သို့ဖြစ်ရာ အဆိုပါတင်သွင်းဖြန့်ချိသူ ကုမ္ပဏီများအမည်ဖြင့် ဖြန့်ဖြူးရောင်းချသည့် မြင်းပျံတံဆိပ် ယူရီးယား ဓာတ်မြေသြဇာများသည် ပြည်တွင်းတွင် အိတ်လဲလှယ်ရာ၌ I C P Fertilizer Co., Ltd. မှ ထုတ်လုပ်သည့် မြင်းပျံတံဆိပ် ယူရီးယားနှင့်မတူညီသည့် အခြားယူရီးယား ဓာတ်မြေသြဇာများပါ ထည့်သွင်းရောင်းချခြင်းကြောင့် မူလအရည်အသွေး ပြည့်မီမှု အာမခံချက်ရှိမည်မဟုတ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

I C P Fertilizer Co., Ltd. ၏ တရားဝင်ခွင့်ပြုချက်မရယူဘဲ အဆိုပါကုမ္ပဏီများအမည်ဖြင့် တင်သွင်းဖြန့်ချိနေသည့် မြင်းပျံတံဆိပ် ယူရီးယား ဓာတ်မြေသြဇာများသည် နောက်ကြောင်းပြန်စိစစ်ရန် (Trace) ခက်ခဲပြီး အာမခံချက်မရှိသော ယူရီးယားဓာတ်မြေသြဇာများ ဖြစ်နိုင်ခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်သူများ အနေဖြင့် မူရင်းမြင်းပျံ တံဆိပ် ယူရီးယားဓာတ်မြေသြဇာ ဟု ထင်ယောင်ထင်မှားဖြစ်၍ လွဲမှားယူဆကာ သုံးစွဲမိပါက မိမိစိုက်ပျိုးထုတ်လုပ်သည့် သီးနှံ၏ ထွက်နှုန်းနှင့် အရည်အသွေးအပေါ် တိုက်ရိုက် ထိခိုက်စေသည့်အပြင် မူရင်း မြင်းပျံတံဆိပ် ဓာတ်မြေသြဇာ ကုန်အမှတ်တံဆိပ်၏ နှစ်ပေါင်းများစွာ ရပ်တည်လာခဲ့သော ကောင်းမွန်သည့် ဂုဏ် သတင်းကိုလည်း ထိခိုက်နစ်နာ စေပါသည်။

သို့ဖြစ်၍ ဆင်တူယိုးမှား အတုအပများပပျောက်စေရေးနှင့် စိုက်ပျိုးထုတ်လုပ်သူများ၏ ကောင်းကျိုးကို ရှေးရှု၍ I C P Shwe Me Fertilizer Co., Ltd. မှ မူရင်းပုံစံအတိုင်း ထုတ်လုပ် ဖြန့်ဖြူးသည့် မြင်းပျံတံဆိပ် ယူရီးယား ဓာတ်မြေသြဇာ၏ အရည်အသွေး အာမခံချက်နှင့် ပုံရိပ်အပေါ် ထိခိုက်အောင် ဆောင်ရွက်နေသည့် အဆိုပါ ကုမ္ပဏီများအား မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ အကာအကွယ်များနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်ရန် စနစ်တကျ စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း လေးနက်စွာ အသိပေးအပ်ပါသည်။

I C P Shwe Me Fertilizer Co., Ltd. အနေဖြင့် စိုက်ပျိုးရေး ဦးစီးဌာနက သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများအား လိုက်နာ၍ မူလအရည်အသွေးအတိုင်း အာမခံချက် အပြည့်အဝဖြင့်ထုတ်လုပ်ဖြန့်ဖြူးသည့် မြင်းပျံတံဆိပ် ယူရီးယား ဓာတ်မြေသြဇာများကို မြဝတီမြို့မှ လည်းကောင်း၊ ရန်ကုန်မြို့မှ လည်းကောင်း ဈေးကွက်ဈေးနှုန်း လိုအပ်ချက်ရှိသလို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် အရောင်းကိုယ်စားလှယ်ကြီးများအား လှိုက်လှဲစွာ ဖိတ်ခေါ်နေပြီ ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုသည်များကို ဖုန်းအမှတ် +95-9- 8997 88959 သို့ ဆက် သွယ်မေးမြန်းနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
I C P Shwe Me Fertilizer Co., Ltd.

